# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၂ /၂၀၂၂**

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်
(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၉။ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဩဝါဒါစရိယအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းသည်–

| | | |
|---|---|---|
| (က) | ဥက္ကဋ္ဌ<br>နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ | ဥက္ကဋ္ဌ |
| ( ခ ) | အကျိုးတော်ဆောင်<br>နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | နိုင်ငံတော်အတွင်း ဩဇာတိက္ကမ ကြီးမားသည့်<br>ဆရာတော်များအနက် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်<br>ဝန်ကြီးဌာနက လျှောက်ထားတာဝန်ပေးအပ်သော<br>ဆရာတော်နှစ်ပါး၊ | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဥက္ကဋ္ဌ ခြောက်ပါး<br>နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ | အဖွဲ့ဝင် |
| ( င ) | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေး<br>ဇဟိုအဖွဲ့ဝင်ဆရာတော်များအနက် ဝန်ကြီးဌာနက<br>လျှောက်ထားတာဝန်ပေးအပ်သော ဆရာတော်သုံးပါး၊ | အဖွဲ့ဝင် |
| ( စ ) | ပါမောက္ခချုပ်<br>နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ | အဖွဲ့ဝင် |
| (ဆ) | ပါမောက္ခချုပ်<br>နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၊ | အဖွဲ့ဝင် |
| ( ဇ ) | ဌာနကြီးမှူးဆရာတော်များ<br>အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ | အဖွဲ့ဝင် |
| (ဈ) | ပါမောက္ခချုပ်<br>အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ | အတွင်းရေးမှူး |
| (ည) | ဒုတိယပါမောက္ခချုပ်ဆရာတော်<br>အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်။" | တွဲဖက်အတွင်းရေးမှူး |

၃။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ(က)တွင် ပါရှိသော "ကြပ်မတ်၍"ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၄။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေပုဒ်မ ၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၁၂။ ဩဝါဒါစရိယအဖွဲ့ အစည်းအဝေးကို–
(က) တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် သတ်မှတ်ချက်များနှင့်အညီ ကျင်းပရမည်။
( ခ ) လိုအပ်ပါက အရေးပေါ် ခေါ်ယူကျင်းပနိုင်သည်။"

၅။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေပုဒ်မ ၁၃ တွင်–
(က) ပုဒ်မခွဲ(ခ)၌ "နှင့် မဟာဌာနမှူးများ"ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။
( ခ ) ပုဒ်မခွဲ(ခ)၏နောက်၌ ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်–
"(ဂ) ဌာနကြီးမှူးများ — နာယကအဖွဲ့ဝင်
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊"
( ဂ ) ပုဒ်မခွဲ(ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ)၊ (ဈ)နှင့် (ည)တို့ကို ပုဒ်မခွဲ(ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ)၊ (ဈ)၊ (ည)နှင့် (ဋ)တို့အဖြစ် အသီးသီးပြန်လည်အမှတ်စဉ်ရမည်။

၆။ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေပုဒ်မ ၁၅ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၁၅။ ကောင်စီအစည်းအဝေးကို–
(က) ဩဝါဒါစရိယအဖွဲ့အစည်းအဝေးမတိုင်မီ သတ်မှတ်ချက်များနှင့်အညီ ကျင်းပရမည်။
( ခ ) လိုအပ်ပါက အခြားအချိန်များတွင်လည်း ခေါ်ယူကျင်းပနိုင်သည်။"

၇။ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဗ)ကို အောက်ပါအတိုင်း အစားထိုးရမည်–

"( ဗ ) ဝန်ထမ်းဖွဲ့စည်းပုံတွင် ပါဝင်ခြင်းမရှိသည့် ရဟန်းတော်များနှင့် နိုင်ငံ့ဝန်ထမ်း မဟုတ်သော လူပုဂ္ဂိုလ်ပညာရှင်များကို သင်ကြားရေးကဏ္ဍအတွက် ခန့်အပ်ရာတွင် တက္ကသိုလ်ပညာရေးအဖွဲ့နှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့တို့က အဆိုပြုရွေးချယ်သူကို အစည်းအဝေး အတည်ပြုချက်ဖြင့် ခန့်အပ်ခြင်း၊ ယင်းတို့အတွက် လျှာဒါန်းထောက်ပံ့ခြင်း သို့မဟုတ် ချီးမြှင့်ခြင်း၊"

၈။ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေ အခန်း(၆)ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည်–

"ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် အခြားသင်ကြားဆရာတော်များ"

၉။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၁၇။ (က) ဝန်ကြီးဌာနသည်–
(၁) ကောင်စီ၏ အတည်ပြုချက်ရယူပြီး ဩဝါဒါစရိယအဖွဲ့၏ ဩဝါဒကို ခံယူ၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်(သင်ကြား)တို့ကို ခန့်အပ်ရမည်။
(၂) တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်(သင်ကြား)တို့ကို စတင်ခန့်အပ်သည့်နေ့မှစ၍ တစ်ဆက်တည်း ၁၅ နှစ်အထိ ခန့်အပ်နိုင်သည်။
(၃) ခန့်အပ်နိုင်သောကာလပြည့်သည့် တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်(သင်ကြား)တို့အား ယင်းတို့၏ ကျန်းမာရေးကောင်းမွန်မှု၊ တာဝန်ဆက်လက်ထမ်းဆောင်လိုမှုတို့အပေါ်မူတည်၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆက်လက်ခန့်အပ်နိုင်သည်။
( ခ ) တက္ကသိုလ်ပါမောက္ခချုပ် သို့မဟုတ် ဒုတိယပါမောက္ခချုပ်(သင်ကြား)တို့သည် မိမိကို ခန့်အပ်ထားသောကာလ မကုန်ဆုံးမီ ဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုပါက ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ စာဖြင့်တင်ပြပြီး နုတ်ထွက်နိုင်သည်။
( ဂ ) တက္ကသိုလ်ပါမောက္ခချုပ် သို့မဟုတ် ဒုတိယပါမောက္ခချုပ်(သင်ကြား)တို့သည် ပုဒ်မ ၁၈ ပါ ဂုဏ်အင်္ဂါအရည်အချင်းတစ်ခုခု ပျက်ယွင်းကြောင်း သို့မဟုတ် ပေးအပ်သောတာဝန်ကို ကျေပွန်စွာဆောင်ရွက်နိုင်ခြင်းမရှိကြောင်း ပေါ်ပေါက်ပါက ကောင်စီ၏အတည်ပြုချက် ရယူပြီး ဩဝါဒါစရိယအဖွဲ့၏ ဩဝါဒကိုခံယူ၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တာဝန်မှရပ်စဲခြင်းကို ဝန်ကြီးဌာနက ဆောင်ရွက်ရမည်။
(ဃ) ခန့်အပ်ထားသောကာလ ကုန်ဆုံးခြင်းကြောင့်ဖြစ်စေ၊ ရာထူးမှနုတ်ထွက်ခြင်းကြောင့် ဖြစ်စေ၊ တာဝန်မှရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ပျံလွန်တော်မူခြင်းကြောင့် ဖြစ်စေ၊ အခြားအကြောင်း တစ်ခုခုကြောင့်ဖြစ်စေ တက္ကသိုလ်ပါမောက္ခချုပ် သို့မဟုတ် ဒုတိယပါမောက္ခချုပ် (သင်ကြား) ရာထူးနေရာလစ်လပ်လျှင် ဝန်ကြီးဌာနက ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်နှင့်အညီ ခန့်အပ်ရမည်။

၁၀။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေပုဒ်မ ၁၇ နောက်တွင် ပုဒ်မ ၁၇–က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"၁၇–က။(က) ဌာနကြီးမှူး၊ ပါမောက္ခနှင့် တွဲဖက်ပါမောက္ခဆရာတော်တို့၏ ရာထူးသက်တမ်းသည် သက်တော် ၆၅ နှစ် ပြည့်သည်အထိဖြစ်သည်။
( ခ ) ဝန်ကြီးဌာနသည် ရာထူးသက်တမ်းပြည့်သည့် ဌာနကြီးမှူးနှင့် ပါမောက္ခဆရာတော်တို့အား ဆက်လက်ခန့်အပ်လိုပါက အဆိုပါဆရာတော်များ၏ ကျန်းမာရေးကောင်းမွန်မှု၊ တာဝန်ဆက်လက်ထမ်းဆောင်လိုမှုတို့အပေါ်မူတည်၍ သက်တမ်းတိုးခန့်အပ်နိုင်သည်။
( ဂ ) ရာထူးသက်တမ်း ကုန်ဆုံးခြင်းကြောင့်ဖြစ်စေ၊ ရာထူးမှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ပျံလွန်တော်မူခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ဌာနကြီးမှူး၊ ပါမောက္ခ သို့မဟုတ် တွဲဖက်ပါမောက္ခဆရာတော် ရာထူးနေရာလစ်လပ်လျှင် ဝန်ကြီးဌာနက သတ်မှတ်ချက်များနှင့်အညီ ခန့်အပ်ရမည်။"

၁၁။ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေပုဒ်မ ၁၈ တွင်–
(က) ပုဒ်မခွဲ(ခ)တွင် ပါရှိသော "ပါရဂူဘွဲ့"ဆိုသည့် စကားရပ်ကို "ဗုဒ္ဓဘာသာသာစာပေဆိုင်ရာ ပါရဂူဘွဲ့တစ်ခုခုကို"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။
( ခ ) ပုဒ်မခွဲ(ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည်–
"(ဃ) အောက်ဖော်ပြပါ ပရိယတ္တိစာမေးပွဲများအနက် အနည်းဆုံး နှစ်ခု အောင်မြင်ရမည်–
(၁) သာသနဓဇဓမ္မာစရိယ သို့မဟုတ် သာသနတက္ကသီလ ဓမ္မာစရိယ၊
(၂) သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ပါဠိပါရဂူ၊ မဟာဝိဇ္ဇာဘွဲ့(ဗုဒ္ဓဓမ္မ) သို့မဟုတ် သာသနတက္ကသီလမဟာဓမ္မာစရိယ၊
(၃) သကျသီဟ ပရိယတ္တိသာသနဟိတဓမ္မာစရိယ၊
(၄) စေတိယင်္ဂဏ ပရိယတ္တိဓမ္မာစရိယဂဏဝါစက။"
(ဂ) ပုဒ်မခွဲ(စ)၊ ပုဒ်မခွဲငယ်(၈)ကို အောက်ပါအတိုင်း အစားထိုးရမည်–
"(၈) မိမိမှားမှန်းသိလျှင် အလျှော့ပေးခြင်း၊ ပြောလွယ်ဆိုလွယ်ဖြစ်ခြင်း "သောဝစဿတာဂုဏ်"။"
(ဃ) ပုဒ်မခွဲ(ဇ)၏ နောက်တွင် ပုဒ်မခွဲ(ဈ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–
"(ဈ) တက္ကသိုလ်တွင် ပါမောက္ခ သို့မဟုတ် ဌာနကြီးမှူးအဖြစ် လုပ်သက်အနည်းဆုံး သုံးနှစ် တာဝန်ထမ်းဆောင်ခဲ့သော ဆရာတော်ဖြစ်ရမည်။"

၁၂။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေပုဒ်မ ၂၂ ကို ပယ်ဖျက်ရမည်။

၁၃။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေ အခန်း(၁၀) အထွေထွေအခန်းတွင် ပုဒ်မ ၃၄ နှင့် ၃၅ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"၃၄။ ဝန်ကြီးဌာနသည်–
(က) တက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားနေသည့် သင်တန်းသားများ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများကို သတ်မှတ်ပေးရမည်။
(ခ) တက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားနေသည့် သင်တန်းသားများ လိုက်နာရမည့် စည်းကမ်းများကို သတ်မှတ်ပေးရမည်။
(ဂ) တက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားနေသည့် သင်တန်းသားများသည် ပုဒ်မခွဲ (ခ)အရ သတ်မှတ်သည့်စည်းကမ်းများကို လိုက်နာရန်ပျက်ကွက်ပါက အရေးယူရမည့် စီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းများကို သတ်မှတ်ပေးရမည်။

၃၅။ တက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားနေသည့် သင်တန်းသားများသည် သတ်မှတ်ထားသည့် စည်းကမ်းများကို လိုက်နာရန်ပျက်ကွက်ပါက စီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းများအရ အရေးယူခြင်းခံရမည်။"

၁၄။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေ မူလပုဒ်မ ၃၄၊ ၃၅ နှင့် ၃၆ တို့ကို ပုဒ်မ ၃၆၊ ၃၇ နှင့် ၃၈ တို့အဖြစ် အသီးသီးပြန်လည်အမှတ်စဉ်ရမည်။

---

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်–

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ